

မိကသစ်ကျေးရွာအုပ်စုလေးအိမ်စုကျေးရွာ

ကျိုက်မရောမြို့နယ်

မွန်ပြည်နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၂၀-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးအိမ်စုကျေးရွာ၊ ကျိုက်မရောမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ ---------- လ

Scanned with CamScanner

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	လေးအိမ်စုကျေးရွာ သယံဇာတပြမြေပုံ၊ ကျိုက်မရောမြို့နယ်	၅
	ရာသီခွင်ပြ ပြက္ခဒိန်	၆
	အဖွဲ့အစည်းဆိုင်ရာ ကွင်းဆက်ချိတ်ဆက်မှု အခြေအနေ	၇
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၁၂
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၂
	(ခ) ကျေးရွာ မီးလင်းရေး	၁၂
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၂
၆။	ပညာရေး	၁၂
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၄
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၄
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၅
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၆
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၈
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၉
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၉
	နောက်ဆက်တွဲ (၄) လေးအိမ်စုကျေးရွာ၏ ဦးစားပေးစီမံချက်(လုပ်ငန်း) အမှတ်ပေးဇယား	၆၁
	နောက်ဆက်တွဲ(၅)လေးအိမ်စုကျေးရွာ၏ဦးစားပေးစီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ	၆၂
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ	၆၃

Scanned with CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

Scanned with CamScanner

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


မေလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးအိမ်စုကျေးရွာ

ကျိုက်မရောမြို့နယ်

Scanned with CamScanner



Scanned with CamScanner

ရာသီဓွင့်ပြပြက္ခဒိန်

အပြစ်အပျက်	တန်ဓူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်												
လက်လုပ်လက်စားဝင်ငွေရရှိမှု				–	–	–						
အသုံးစရိတ်		–	–			–		–	–	–		–
ဝင်ငွေလိုအပ်မှု	–	–	–	–			–	–	–			
ဝမ်းစာပူလုံမှု												
သောက်သုံးရေရရှိမှု												
တိရိစ္ဆာန်ရောဂါကျရောက်မှု			–			–			–	–	–	–
တိရိစ္ဆာန်အစာရရှိမှု												
ကျန်းမာရေးပျက်နာမှု												
သီးနှံရောဂါကျရောက်မှု												
ပွဲတော်												
သဘာဝဘေးအန္တရယ်												

Scanned with CamScanner

ဆက်သွယ်ဆောင်ရွက်နေသော (ကျေးရွာ အတွင်း/ပြင်ပ) အဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှု

(Venn Diagram)

ကျေးရွာအတွင်း အဖွဲ့အစည်း

- ကျန်းမာရေးအဖွဲ့
- ပြည်သူ့ | ပြည်သူ့ စသည်ဖြင့်

ကျေးရွာပြင်ပ အဖွဲ့အစည်း

-
-
-
-
-



Scanned with CamScanner

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

လေးအိမ်စုကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၏ မိကသစ်ကျေးရွာအုပ်စုတွင် ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရော်ဘာခြံ၊ အနောက်ဘက်တွင် ဘုန်းကြီးကျောင်း၊ တောင်ဘက်တွင် စပါးစိုက်ခင်းလယ်ကွင်းများ၊ မြောက်ဘက်တွင် ကျေးရွာသုသန်ရှိပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသားများ အများစုနေထိုင်ကြပြီး ဗမာလူမျိုးများမှာ အနည်းစုနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လေးအိမ်စုကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စွက်စိုသောရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈၀.၅) ဧက၊ ဥယျာဉ်ခြံမြေ (၁၉၄.၅) ဧက ၊ သီးနှံများမစိုက်ပျိုးသည့် မြေလွတ်မြေလပ်(၂၃၂)ဧက နှင့် စုစုပေါင်း ဧက (၅၈၆) ဧကရှိပါသည်။ လယ်မြေများတွင် စပါးစသည့် ရာသီအလိုက်သီးနှံများ စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် နှစ်ရှည်ပင်များဖြစ်သည့် ရော်ဘာပင်/ သစ်ပတောက်ပင်များ စိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း ဒူးရင်း၊ ကြက်မောက်၊ ဟင်းသီးဟင်းရွက်သီးနှံပင်များ အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

လေးအိမ်စုကျေးရွာတွင် အုပ်ချုပ်ရေး၊ ကျောင်းကော်မတီ ၊ လူငယ်အဖွဲ့စသည့် အဖွဲ့များသည် လူမှုဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင် ကြပါသည်။ လေးအိမ်စုကျေးရွာတွင်ငွေကြေးနှင့်လုံခြုံရေး၊ကာကွယ်ရေးဆိုင်ရာအခက်အခဲများတွင် ကျေးရွာမှ တက်အားသရွေ့ စုပေါင်းကူညီ ကြပါသည်။ လေးအိမ်စုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက် နေသော ကျေးရွာပြင်ပ အဖွဲ့အစည်းများမရှိပါ။

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ကျောင်းကော်မတီသည် ကျေးရွာ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းနေကလေးများ၏ ကျန်းမာရေးနှင့် ကျောင်းအတွင်း လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးပါသည်။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူနေမှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး လူငယ်အဖွဲ့အစည်းများအနေဖြင့် လရာသီပွဲတော်များနှင့် အခြားလူမှုရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရေးစသည့် အဖွဲ့အစည်းများရှိပါသည်။

Scanned with CamScanner

၄။ စီးပွားရေးနှင့် မွေးမြူမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

လေးအိမ်စုကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၂၀)စု၊ ဆင်းရဲသားတောင်သူ အိမ်ထောင်စု(၄၅)စု၊ တောင်သူငယ် (၅၇)အိမ်ထောင်စု၊ တောင်သူလတ် (၂၄)အိမ်ထောင်စုနှင့် တောင်သူကြီး (၆)အိမ်ထောင်စု ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေဖြင့် ခွဲခြားထားသော်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အနည်းငယ်အဆုံးပေါ်သောကြောင့် စိုက်ပျိုးသူနည်းပါးပါသည်။

လေးအိမ်စုကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက စိုက်ပျိုးထားသော လယ်ကွင်းများရေမြှုပ်၍ လယ်သမားအနည်းငယ် အရှုံးပေါ်ပါသည်။ လေးအိမ်စုကျေးရွာသည် ဆန်စပါးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ လေးအိမ် စုကျေးရွာ၏ စုစုပေါင်းစိုက်ဧကမှာ (၈၀.၅)ဧကဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မြေပဲစိုက်ပျိုးခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

လေးအိမ်စုကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာတစ်ဦးချင်းပိုင် လက်တွန်းထွန်းစက်(၃)စီးရှိပါပြီး ကျန်ရှိသော အိမ်ထောင်စု(၃၂)စုမှာ လက်တွန်းထွန်းစက်အားငှားရမ်းလုပ်ကိုင်ကြ သည်ကိုလေ့လာတွေ့ရှိရပါသည်။လယ်သမား အိမ်ထောင်စုအနည်းငယ်သာ ကိုယ်တိုင်ကိုယ်ကျ ထွန်ယက်၊ စိုက်ပျိုး ကြပါသည်။ အချို့ လူဖြင့် ရိတ်သိမ်းကြပြီး နွားများဖြင့် စပါးခွေကာ သဘာဝလေများဖြင့် စပါးလှေခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ လေးအိမ်စုကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန် အတွက် အခွင့်အလမ်းအနည်းငယ်သာ ရှိပါသည်။

လေးအိမ်စုကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။ကျေးရွာတွင် ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြား သော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများပြားပါသည်။ ထို့ကြောင့် လုပ်သားအင်အားရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရပါသည်။ စပါးစိုက်ပျိုးရာတွင် မိုးတွင်းအခါ ရေကြီးရေလျှံမှု နှင့်ဖျက်ပိုး ရောဂါများရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ လေးအိမ်စုကျေးရွာတွင် သီးနှံထုတ်လုပ်မှုနှင့် ပတ်သက်၍

Scanned with CamScanner

အခက်အခဲများရှိပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လေးအိမ်စုကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စု(၃၂)စု ကောင်ရေ(၁၄၃) ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု(၂၀)စု ကောင်ရေ(၈၂)ကောင်၊ ဒေသကြက်မွေးမြူသော အိမ်ထောင်စု(၂၂)စု ကောင်ရေ(၇၆)ကောင်၊ ဆိတ်မွေးမြူသော အိမ်ထောင်စု(၃၇)စု ကောင်ရေ(၂၄၆) ကောင်နှင့်၊ဘဲမွေးမြူသော အိမ်ထောင်စု(၉)စု ကောင်ရေ(၂၁၄) ကောင် စသည့်ဒေသနှင့်ကိုက်ညီသော တိရိစ္ဆာန်မွေးမြူရေးတို့အား ဝမ်းစာဖူလုံမှု တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် ငါးလုပ် ငန်းနှင့် ပတ်သက်၍ ငါးဖမ်းခြင်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများမရှိပါ။

လေးအိမ်စုကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသဖြင့် ရေနှင့်ပတ်သက်သော အခက်အခဲများ မရှိပါ။ ကျေးရွာတွင် မျိုးတိရိစ္ဆာန်ရရှိမှု၊ အစာနှင့်ဆေးများကို အထွန်းမြစ်ကိုလေ့ဖြင့် ကူး၍ ကျိုက်မရောမြို့သို့ လာရောက်ရပြီး ဝယ်ယူရပါသည်။ကျေးရွာတွင် မွေးမြူနှင့် အသုံးအဆောင်ပစ္စည်းအစုံဝယ်ယူရာတွင် တရုတ်ကျေးရွာစျေးနှင့် မော်လမြိုင်မစျေးသို့ လမ်းပန်းဆက်သွယ် ရေးခက်ခဲ/ဝေးကွာစွာ သွားလာရသော်လည်း လွယ်တကူရနိုင်ပါသည်။ကျေးရွာတွင် တိရစ္ဆာန်များကိုလည်း အိမ်ခြံ ဝင်းအတွင်းမြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် မွေးမြူရေးလုပ်ငန်းအား ကျယ်ပြန့်စွာလုပ်ကိုင်နိုင်ပါသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေအသင့်အတင့်ကို ကာလတိုချေးယူရနိုင်ပါသည်။

လေးအိမ်စုကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစား နိုင်သည့် စားကျက်မြေအနည်းငယ်သာရှိပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ပန်ဆောင်မှုများ ရယူရန်အတွက်မွေး/ကုဦးစီးဌာနသို့ သွားရောက် ဆက်သွယ်ပါက လာရောက်၍ တိရိစ္ဆာန်များအား ကာကွယ်ဆေးထိုးနှံခြင်း ရောဂါအခြေအနေအရ ဝန်ဆောင်မှုပေးခြင်း မျိုးရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်လျက်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

လေးအိမ်စုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ မိုးစိုက်ပျိုးခြင်း ဆောင်ရွက်နိုင်သော်လည်း စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းဆောင်ရွက်သူသည့် အိမ်ထောင်စုအနည်းငယ်သာ ရှိပါသည်။

Scanned with CamScanner

လေးအိမ်စုကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ လက်သမား၊ပန်းရံလုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်ထောင်စုအနည်းငယ်မှာ ပြည်ပ/ထိုင်းနိုင်ငံသို့ သွားရောက်၍ လုပ်ကိုင်ကြရပါသည်။

လေးအိမ်စုကျေးရွာတွင် ပြည်ပနိုင်ငံသွားရောက်လုပ်ကိုင်သည့် လူဦးရေ(၁၇၂) ဦးတို့သည် မိမိတို့တက်မြောက်ထားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်ကိုင်ညီသည့် လုပ်ငန်းများ လုပ်ကိုင်ကြပြီးအိမ်ထောင်စုအနည်းငယ်များအဆင်ပြေသည့်နေရာတွင်သွားရောက်၍ ကြဲရာကျပန်း လုပ်ကိုင်ကြရပါသည်။

လေးအိမ်စုကျေးရွာတွင် ပြည်ပသို့သွားရောက် လုပ်ကိုင်ကြသောသူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန်အတွက် သွားရောက်ကြခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိသက်ရောက်သောအသက်မွေးဝမ်းကျောင်း ပညာရပ်နှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ သွားရောက် လုပ်ကိုင်ကြခြင်းများရှိ ပါသည်။

လေးအိမ်စုကျေးရွာတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်သော လူဦးရေမှာ ကျေးရွာ၏သုံးပုံတစ်ပုံ ခန့်ရှိပါသည်။အလုပ်လုပ်နိုင်သော အမျိုးသား၊အမျိုးသမီးအများစုမှာ ပြည်ပသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိသားစုဝင်ငွေအဖြင့် ထောက်ပံ့ပေးနေမှုများကို တွေ့မြင်ရပါသည်။ ကျေးရွာတွင် မိသားစုများ ပြန်လည်မှီခိုရာတွင် ပြန်ပို့ငွေအား ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)ဖြင့်လည်းကောင်း၊ ဘဏ်များဖြင့်လည်းကောင်း အိမ်ထောင်စုအနည်းငယ်မှာ လူကြဲဖြင့်လွှဲပို့ခြင်းဖြင့် လည်းကောင်း ပြန်ပို့ငွေအား မှီခိုအသုံးပြုကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

လေးအိမ်စုကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသော အိမ်ထောင်စုများနှင့် ကြဲရာ/ကျပန်း လုပ်ကိုင်သောများသည် ချေးငွေဝန်ဆောင်မှုများ လိုအပ်လျက်ရှိပြီး အတိုးနှုန်းသက်သက်စွာ ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်း/ဦးစီးဌာနများ မရှိပါ။ ကျေးရွာတွင် အိမ်ထောင်စု အနည်းငယ်မှာ အရေးပေါ်အခြေအနေတွင် ငွေလိုအပ်မှုများဖြစ်လာပါက နီးစပ်ရာဆွေမျိုးများ ထံတွင် သွားရောက်၍ ကာလတို အတိုးမဲ့ချေးယူ အကူအညီ တောင်းရပါသည်။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော အရင်းမပျောက်မတည်ရန်ပုံငွေချေးငွေစီးမံကိန်များ လိုအပ်လျက်ရှိပါသည်။

Scanned with CamScanner

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

လေးအိမ်စုကျေးရွာတွင် ဆိုင်ကယ်(၁၂၀)စီး၊ စက်ဘီး(၅၄)စီး၊ ကား(၇)စီးနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုနေသော ထော်လာကျီ(၉)စီး၊ နွားလှည်း(၆)စီးတို့ဖြင့် ကျေးရွာ သယ်ယူပို့ ဆောင် လုပ်ငန်းခွင်တွင် အသုံးပြုနေကြပါသည်။

လေးအိမ်စုကျေးရွာ၏ ရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များမှာမြေသားလမ်း ဖြစ်ပါသည်။ထိုအပြင်ကျေးရွာတွင် ရွာချင်းဆက်လမ်းနှင့် ချဉ်းကပ်လမ်းမှာ မြေသားလမ်းများ ဖြစ်၍ တစ်နှစ်ပတ်လုံး မိုခိုသွားလာနေရပါသည်။ကျေးရွာတွင် နွေရာသီနှင့် ဆောင်းရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးတွင်းအခါတွင် ရေကြီးရေလျှံမှုနှင့် ရေတိုက်စားမှုများ ဖြစ်တက်ပြီး သွားလာရခက်ခဲရှိပါသည်။လေးအိမ်စုကျေးရွာတွင်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။ တံတား တည်ဆောက်မှုအခြေအနေအရ ကျေးရွာတွင် အခက်အခဲမရှိပါ။ လေးအိမ်စုကျေးရွာသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး အသုံးမပြုပါ ။ ကုန်းကြောင်းဖြင့်သာ သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

လေးအိမ်စုကျေးရွာတွင် တစ်ဦးချင်းပိုင်ဆိုလာအသုံးပြုသော အိမ်ထောင်စု(၁၃၄)စုနှင့် ဒီဇယ်အင်ဂျင်အသုံးပြုသောအိမ်ထောင်စု(၁၈)စုရှိပါသည်။ မိကသစ်ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အသေးစားလျှပ်စစ်ဓါတ်အားပေးစနစ် ဆောင်ရွက်ပေးရန်လိုအပ် လျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လေးအိမ်စုကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၂၀၃)လုံး၊ တီဗွီ(၃၅)လုံး၊ ဂြိုလ်တုစလောင်း(၂၀)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်ဆိုင်ရာ ရယူသုံးစွဲမှုအခြေအနေတွင် အခက်အခဲမရှိပါ.

၆။ ပညာရေး

လေးအိမ်စုကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၆၄)ဦး အထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၁၇)ဦး၊ အထက်တန်း

Scanned with CamScanner

အဆင့်စာတတ်မြောက်သူများမှာ (၄၂)ဦး နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၈)ဦး ရှိပါသည်။အထက်တန်းအဆင့်ရှိသော အတန်းပညာ ပြီးမြောက်သော လူငယ်အချို့မှာ မိသားစုစား၀တ်နေရေး အခြေအနေကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

လေးအိမ်စုကျေးရွာတွင် မူလတန်းပညာရေးအခြေအနေတွင် ဘာသာရပ်ပြဆရာ /ဆရာမ(၇)ဦးဖြင့် ပညာသင်ကြားနေရသောကြောင့် ကျောင်းဆရာ/ဆရာမနှင့် စာသင်ကြားသော ကျောင်းသားအချိုးညီမျှမှုပါ။လေးအိမ်စုကျေးရွာတွင် မူလတန်းကျောင်းရှိပြီး စာသင်ကြားရာတွင် ဆရာ(၁)ဦးနှင့် ဆရာမ(၄)ဦးတို့အပြင် ကျေးရွာမှခန့်ထားသည့် ဆရာမ(၁)ဦး ရှိပြီး စုစုပေါင်းဆရာ/ ဆရာမ (၇)ဦးရှိသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် စာသင်ကြားရာတွင် ကျောင်းသုံးပရိဘောဂမလုံလောက်မှုကြောင့် အနည်းငယ်အခက်အခဲ ရှိပါသည်။

လေးအိမ်စုကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျေးရွာတွင် ကျောင်းသား /ကျောင်းသူ များအနေဖြင့် အခြေခံပညာမူလတန်းအထိပညာသင်ကြားရာတွင် အခက်အခဲ မရှိပါ။ သို့ရာ တွင်ကျောင်းသား/ သူအနည်းငယ်မှာ မူလတန်းပညာပြီး မြောက်ပါက မိကသစ်ကျေးရွာအုပ်စု(အ,ထ,က) အထက်တန်း ကျောင်း(၃ွဲ) သို့သွားရောက် ပညာသင်ကြားရာတွင် ငွေကြေးနှင့်သွားရေးလာရေး အခက်အခဲအနည်းငယ်ရှိသည်ကို လေ့လာတွေ့ရှိပါသည်။ လေးအိမ်စုကျေးရွာတွင် မူလတန်းပညာပြီးမြောက်ပါက အလယ်တန်းနှင့် အထက်တန်းပညာအားဆက်လက်သင်ကြားသည့် ကျောင်းသားဦးရေနည်းပါးပြီး မူလတန်းအဆင့်တွင် ကျောင်းထွက်နှုန်းများပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်၀န်းကျင် သန့်ရှင်းရေး

လေးအိမ်စုကျေးရွာတွင် အုပ်စုကျေးရွာဖြစ်သောမိကသစ်ကျေးရွာ မိကသစ်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ဆေးကုသခံယူရပါသည်။ လေးအိမ်စုကျေးရွာတွင်းရှိ အရေး ကြီးလူနာ ရှိလာပါက ၁၀မိုင်နီးပါးကွာဝေးသောကျိုက်မရောမြို့မဆေးရုံ/ တရနာ တိုက်နယ်ဆေးရုံနှင့် ၁၀မိုင် အထက် ကွာဝေးသောမော်လမြိုင်မြို့မ ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြရပါသည်။

လေးအိမ်စုကျေးရွာအား ကျေးရွာအုပ်စုဖြစ်သောမိကသစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မှ ခလေးငယ်များကို ကာကွယ်ဆေးများ နှစ်စဉ်လာရောက်ထိုးနှံတိုက်ကြွေး ကြပါသည်။ ထိုအပြင်ကျေးရွာတွင် အဆုတ်ရောဂါခံစား နေရသောသူ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် တစ်ခါ တစ်ရံကျန်းမာရေး ပညာပေးအစီအစဉ်များလည်း ရှိပါသည်။လေးအိမ်စုကျေးရွာတွင် ဂမ်းပျက်၀မ်းလျောရောဂါ၊ သွေးလွန်တုပ်ကွေး

Scanned with CamScanner

ရောဂါနှင့် ၄က်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များသော်လည်း မိကသစ် ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ သွားရောက် ကုသကြသည်ကို လေ့လာတွေ့ရှိရပါသည်။

လေးအိမ်စုကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းကိုသာ အဓိက ထား အသုံးပြုလျှက်ရှိပါသည်။ကျေးရွာတွင် လက်တူးတွင်း (၁၅၂)တွင်းရှိပြီး နှစ်စဉ်နွေရာသီ တို့ရောက်သည် အခါတွင် ရေတွင်းရေများ ခမ်းခြောက်၍ သောက်သုံးရေရှားပါးမှုနှင့် ကြုံ တွေ့နေရပါသည်။ ထို့ကြောင့် ကျေးရွာတွင် အဝေစီတွင်းနက်တစ်တွင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ လေးအိမ်စုကျေးရွာ၏ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုး လုပ်ကိုင် ကြပါသည်။ ကျေးရွာရှိ လယ်ဧကများသည် မိုးတွင်းအခါ တစ်ခါတစ်ရံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စိုက်ပျိုးထား လယ်ကွင်းများရေမြှုပ်၍ လယ်သမား အနည်းငယ်အရှုံး ပေါ်ပါသည်။

လေးအိမ်စုကျေးရွာတွင် သန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု(၄၆)စု ကျန်းမာရေးအသိပညာရှိစွာ အသုံးပြုကြပါသည်။ ကျေးရွာတွင် အိမ် ထောင်စု(၆၄)စု အိမ်သာမရှိနှင့် တွင်းဇလားအိမ်သာသုံးစွဲသော အိမ်ထောင်စု(၄၂)စုရှိပါ သည်။ကျေးရွာတွင် စွန့်ပစ်အမှိုက်များကို စနစ်တကျစီမံခန့်ခွဲ၍ စွန့်ပစ်ကြသည် ဧလေ့ မရှိသော်လည်း အိမ်ထောင်စုအများစုမှာ မိမိအိမ်ပတ်ဝန်းကျင်အား အမှိုက်သိမ်းဆည်းခြင်း ဖြင့် မီးရှို့ဖျက်ဆီးကြပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

လေးအိမ်စုကျေးရွာတွင် သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုးမရှိပါ။ လေးအိမ်စု ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက် ၍ မိုးရာသီ ရာသီပေါ် တုပ်ကွေး ဖျားနာခြင်း၊ ၄က်ဖျား ရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျော ရောဂါဖြစ်ပွား ခြင်း အနည်းငယ် ရှိပါသည်။ ကျေးရွာသူ/ သားများ သည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်း မှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွား လေ့ရှိပြီး ကြက်နာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။ ကျေးရွာတွင် မိုးရာသီတွင် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် နေ့စား/ကျပန်းများအနေဖြင့် ထိခိုက်သက်ရောက်လွယ်မှု မြင့်မားနိုင် မှုရှိနိုင်ပါသည်။

လေးအိမ်စုကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု များအနေဖြင့် ဘေးအန္တရာယ် ကျရောက်ပါက မိသားစုစားဝတ်နေရေး အခက်အခဲရှိနိုင်သည် ကိုလေ့လာ တွေ့ရှိရပါသည်။ ပြည်ပမှပြန်လာ၍ လုပ်ကိုင်ရှာဖွေ၍ စားသောက်ကြ သော အိမ်ထောင်စုအနည်းငယ်မှာ စီးပွားရေးအနေဖြင့် ထိခိုက်သက်ရောက် လွယ်မှုမှာနိမ့်လျက်ရှိ

Scanned with CamScanner

ပါသည်။ လက်လုပ်လက်စားကျပန်းများ အနေဖြင့် သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်ပါက ထိခိုက်သက်ရောက်မှုမှာ မြင့်မားလျက်အဆင့်ရှိ ပါသည်။

လေးအိမ်စုကျေးရွာတွင် လူထုအခြေပြုသဘာဝ ဘေးအန္တရာယ်လျော့ချရေး အစီအစဉ်နှင့်မှုခင်းများ ကာကွယ်တားဆီးလျော့ချရေးအတွက်ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း အနေဖြင့် ကျေးရွာတွင်အသိပညာပေးပို့စတာချိတ်ဆွဲခြင်း ကျေးရွာအုပ်ချုပ်ရေးမှူးသို့ တိုင်ကြားပြီး ရဲစခန်းသို့ သွားရောက်တိုင်းကြားပါက ကျေးရွာသို့လာရောက်၍ ဝန်ဆောင်မှုပေးလေ့ရှိပါသည်။လေးအိမ်စုကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

လေးအိမ်စုကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ အနည်းငယ်ရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။ လေးအိမ်စုကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၆)စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု (၄၆)စု ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

လေးအိမ်စုကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ လေးအိမ်စုကျေးရွာတွင် ဘာသာရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ပညာရေးအဖွဲ့များ တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှုရှိပါသည်။ ကျေးရွာတွင်အမျိုးသမီးများအနေဖြင့် အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ ဆိုင်ရာအခြေခံသဘောတရားများကို အနည်းငယ်သာသိရှိကြပါသည်။

လေးအိမ်စုကျေးရွာတွင် လူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုနှင့် ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု နှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုများတွင် လူပ်ရှားမှုတွင် တက်တက်ကြွကြွပါဝင်လူပ်ရှားကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ အနေဖြင့် သီးသန့်သတ်မှတ်ထားခြင်းမျိုးမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။သို့ရာတွင် မိကသစ်ကျေးရွာအုပ်စု မိကသစ်အထက်တန်းကျောင်း(ခွဲ)ကျောင်းဝင်းအတွင်း တွင် စာသင်ကျောင်းဘော်လုံးကွင်းတစ်ကွင်း ရှိပါသည်။

Scanned with CamScanner

ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - လေးအိမ်စု			ကျေးရွာအမည် - လေးအိမ်စု	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာတွင်းလမ်း ကျောက်ရောမြေလမ်း(၃၁၀၀'x၁၈'x၆") ခင်းခြင်းလုပ်ငန်း	
၂။	အခြေခံအဆောက်အဦ	ကျေးရွာ၏ လူမှုစီးပွား သာယာတိုးတက်စေရန် လိုအပ်သော အခြေခံအ ဆောက်အဦများ တိုးတက် အောင်တည်ဆောက်ခြင်း	ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းခင်းခြင်း	
၃။	ရေပေးရေး	သန့်ရှင်းသော သောက်သုံးရေ စနစ်ရရှိစေရန်	ကျေးရွာတွင် အဝေစီ တွင်းနက် ရရှိရေးလုပ်ငန်း စင်မြင့်ရေစင်နှင့် အိမ်သွယ် ရေတိုင်စနစ် တည်ဆောက် သွားရန်	
၄။	ကျန်းမာရေး	ကျန်းမားရေးကဏ္ဍ တိုးတက်စေရန်	ကျေးလက်ဆေးပေးခန်း အား ထပ်မံတိုးချဲ့ဆောင် ရွက်သွားရန်	

Scanned with CamScanner

ಕ್ರ.ಸಂ	ಹೆಸರು - ವಿಳಾಸ/ಮೊಬೈಲ್ ನಂಬರ್	ಜಮೀನಿನ ಸರ್ವೆ ನಂಬರ್	ಜಮೀನಿನ ವಿಸ್ತೀರ್ಣ	ಅರ್ಜಿದಾರರ ಸಹಿ

Scanned with CamScanner

နောက်ဆက်တွဲ(၁) လေးအိမ်စုကျေးရွာပွဲဖြိုးရေးကော်မတီများ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစောမြတ်ဝင်း	ဦးထေထေ	၁၀/ကမရ(နိုင်)၀၄၈၅၁၀	၆၃	နာယက	၀၉၇၈၁၂၂၀၄၆၀
၂	ဦးညွှန့်ရီ	ဦးလုးကူ	၁၀/ကမရ(နိုင်)၁၁၃၁၆၃	၅၀	ဥက္ကဋ္ဌ	၀၉၇၈၈၃၂၄၄၅၅
၃	ဦးကြည်နိုးလွင်	ဦးမောင်စံတင်	၁၀/ကမရ(နိုင်)၀၈၁၄၃၅	၄၅	ဒု-ဥက္ကဋ္ဌ	၀၉၇၈၀၂၁၉၇၄၃
၄	ဦးစောအဲတော	ဦးတကြည်	၁၀/ကမရ(နိုင်)၁၂၀၇၁၀	၄၄	အတွင်းအရေးမှူး	၀၉၇၆၀၉၅၃၁၅၄
၅	ဦးဝင်းကျော်	ဦးပလယ်ဖိုး	၁၀/ကမရ(နိုင်)၁၄၃၃၂၂	၃၈	တွဲဖက်အတွင်းရေးမှူး	၀၉၇၆၇၁၁၉၉၂၅၈
၆	ခေါ်ငွေရှင်	ဦးသာထေ	၁၀/ကမရ(နိုင်)၁၅၇၄၅၇	၄၂	ဘဏ္ဍာရေးမှူး	၀၉၇၆၁၁၅၅၉၁၈၂
၇	ခေါ်ရိုးရိုး	ဦးလုံးတင်	၁၀/ကမရ(နိုင်)၁၂၄၁၉၉	၄၉	တွဲဖက်ဘဏ္ဍာရေးမှူး	၀၉
၈	ခေါ်ခင်မျိုးဝင်း	ဦးသွင်ညွှန့်	၁၀/ကမရ(နိုင်)၁၂၀၈၈၂	၃၄	စာရင်းကိုင်-၁	၀၉၇၇၃၉၉၀၉၅၅
၉	ခေါ်ဆွေဆွေ	ဦးမောင်ထွန်းအိ	၁၀/ကမရ(နိုင်)၁၄၃၇၃၃	၃၂	စာရင်းကိုင်-၂	၀၉၇၇၉၂၈၄၄၀၂၀
၁၀	ဦးကျော်ပါ	ဦးလုံးလုံး	၁၀/ကမရ(နိုင်)၁၂၀၈၄၇	၃၁	သော့ကိုင်	၀၉၇၅၁၃၃၇၆၇၄၇
၁၁	ဦးစော	ဦးစော	၁၀/ကမရ(နိုင်)		အဖွဲ့ဝင်	၀၉

Scanned with CamScanner

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၄	၂၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၃	၃၄	၆၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၉	၅၈	၁၁၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၆	၆၃	၁၁၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၂	၃၈၁	၇၈၃
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၇	၄	၁၁
စုစုပေါင်း		၅၇၀	၅၆၄	၁၁၂၄
စုစုပေါင်း အိမ်ထောင်စု		၁၅၂		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင် အိမ်ထောင်စု (၁၅၂) စု၊ လူဦးရေ (၁၁၂၄) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂၇)ဦး၊ ၅ နှစ်အောက် ကလေးအရွယ် (၆၇)ဦး ၊ မူလတန်းကျောင်းသားအရွယ် (၁၁၇)ဦး ၊ အလယ်တန်း ကျောင်းသား အရွယ် (၁၁၉)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၈၃)ဦး၊ သက်ကြီးရွယ်ကြီးအရွယ် (၁၁)ဦး ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေ(၃၄၁)ဦးသည် တစ်ရွာလုံးရှိ လူဦးရေ (၁၁၂၄)ဦး နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၀၂) ဦး၊ မ (၃၈၁) ဦး စုစုပေါင်း (၇၈၃) ဦး ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	နိုက်ပျိုးစီးပွား လုပ်ငန်းများ				

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း:အဖြစ် လုပ်ကိုင်သူ (ဦး:ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေး:ရန်။)
		အိမ်ထောင်စု	မိသား:စု ဝင် လုပ်အား:		
၁	လယ်ယာနှိုက်ပျိုး:ရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	၃၅	၅၁	-	မြင့်□ လတ် ☑ နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	-	-	၂၄	မြင့် □လတ်□နိမ☑
၂	တိရစ္ဆာန် မွေး:မြူ:ရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	၃	၅	–	မြင့်□လတ်□နိမ့်☑
	အလုပ်သမား: / ဝန်ထမ်း:	–	–	-	မြင့်□လတ်□နိမ့်□
၃	ငါး:လုပ်ငန်း: (ရေခဲ့/ရေငန်ငါး:/ပုဇွန် စသော ရေသတ္တဝါများ: ဖမ်း:ခြင်း:၊မွေး:မြူ:ခြင်း:)				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
နိုက်ပျိုး:မွေး:မြူ:ရေး:မဟုတ်သော အခြား:ဝင်ငွေရလုပ်ငန်း:များ:					
၅	သတ္တုတူး:ဖော်ရေး:၊ ကျောက်ထုတ်လုပ်ရေး:နှင့် သဘာဝရင်း:မြစ်များ: ထုတ်လုပ်ခြင်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၆	ထုတ်ကုန်လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး:ဝေရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၈	ဆောက်လုပ်ရေး:၊ လက်သမား:၊ ပန်း:ရံ လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	-	–	မြင့်□လတ်□နိမ့် □
	အလုပ်သမား: / ဝန်ထမ်း:	၃	၅	–	မြင့်□လတ်□နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံး:ပစ္စည်း:များ:ပြင်ဆင်ရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၀	ကျွမ်းကျင်ပညာရှင်များ: (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း:ပေး:သူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း:	-	-	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၁	လက်လီ-လက်ကား: ရောင်း:ဝယ်ရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	၃	၃	–	မြင့်□လတ်☑ နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□ နိမ့်□

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	–	မြင☑ လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း:)				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□ နိမ့် □
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□ နိမ့်□
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□ နိမ့်□
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□ လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား: / ဝန်ထမ်း:	–	–	–	မြင့်□လတ်□နိမ့်□
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	ပြည်ပ/ကြေးရာကျပန်း:
	အလုပ်သမား: / ကျပန်း: / ရာသီအလိုက် အလုပ်သမား:	၁၀၆	၁၃၅	–	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:	–	–	–	မြင့်□လတ်□ နိမ့် □
	အလုပ်သမား: / ဝန်ထမ်း:	-	-	–	မြင့်□လတ်□နိမ့် □
	စုစုပေါင်း:	၁၅၂	၂၀၁	၂၄	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

Scanned with CamScanner

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု"မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စု(၁)စုသာ ရှိပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု (၃)စုရှိပါသည်။ ပြည်ပထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သောအိမ်ထောင်စုနှင့်ကျေးရွာတွင်နေ၍ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ အခြားအသက် မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု(၂)စုသာရှိသောကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေ များပြားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၁၁)စုရှိပြီးတစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၆၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	-	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

Scanned with CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လစဉ်စား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ် နိုင်မှုအပေါ်တွင်မူတည်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာကိုသာစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ နေ့စား/ကျပန်း အလုပ်သမားများ၏ လုပ်အားခမှာ ကျား/ဖ၀၀၀ မ/၅၀၀၀ နှုန်း ရရှိပါသည်။ထိုပြင် နေ့စာ/ကျပန်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်စားသောက်သောအိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ထက်ဝက်ခန့် ရှိပါသည်။ လေးအိမ်စုကျေးရွာ တွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောကြောင့် နေ့စား/ကျပန်း လုပ်ကိုင်စားသောက်သော အိမ်ထောင်စုအနည်းငယ် စားဝတ်နေရေး အခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၀.၅	ကောင်း: ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၉	ကောင်း: ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၉၄.၅	ကောင်း: ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း: ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း: ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း: ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၂၃၂	ကောင်း: ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၅၈၆	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင် လယ်မြေ (၈၀.၅) ဧကနှင့် တောင်ယာ ရာမြေ(၇၉) ဧက၊ဥယျာဉ်ခြံမြေ (၁၉၄.၅) ဧက ရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဥယျာဉ်ခြံမြေများတွင် ရော်ဘာပင်နှင့် အခြားရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။ လေးအိမ်စုကျေးရွာတွင် သီးစားမခံယူဘဲ စိုက်ပျိုးရေးမဖြစ်တွန်းပါသောကြောင့်မြေလွတ်မြေလပ် (၂၃၂)ဧက ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

Scanned with CamScanner

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်၊ သဲ၊ ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင် တွင် မရှိသော်လည်း အဝေးဆုံးမော်လမြိုင်မြို့ပေါ်နှင့် အနီးဆုံးတရနာကျေးရွာဈေးမှ အလွယ်တကူ ဝယ်ယူရရှိ အသုံးချနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲလှပါသည်။ လေးအိမ်စုကျေးရွာတွင် ဆေးဘက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးပါသည်။ကျေးရွာတွင် ဆောင်းရာသီနှင့် မိုးဦးကျတွင် နွားစာမြက်ပင်ပေါများပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀၈က	၅၈က	၁၈က	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်/သွပ်မိုး	ဝါးခရဲ/သွပ်မိုး	ဝါးခရဲ/ဖက်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား	သုံးဘီးဆိုင်ကယ်	ဆိုင်ကယ်	စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	ခြံ/ပြည်ပ (ထိုင်း)	လယ်ယာစိုက်ပျိုးရေး	ဈေးဆိုင်	နေ့စား/ကျပန်း
အိမ်ထောင်စု	၃၀	၁၀၀	၂၀	၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လေးအိမ်စုကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၃၀)စုသာရှိပြီး အဓိက အနေဖြင့် ရော်ဘာခြစိုက်ပျိုးရေးအိမ်ထောင်နှင့်ပြည်ပထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စု များသာဖြစ်ပါသည်။ လေးအိမ်စုကျေးရွာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၀၀)စုသည် ကိုယ်ပိုင်

Scanned with CamScanner

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုများသည် ဈေးဆိုင်အရောင်းအဝယ်လုပ်ငန်းကိုင် ခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းပြုကြပါသည်။ ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားကျပန်းများဖြစ်ပြီးစသည့် ရာသီလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် အခက်အခဲမရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၇	၄	၁၁
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂၆		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၄၆		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၉		

Scanned with CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေးအိမ်စုကျေးရွာတွင်ကူညီစောင့်ရှောက်မှုအထူးလိုအပ်သည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့် ပုဂ္ဂိုလ်များ အနည်းငယ်ရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြပါသည်။လေးအိမ်စုကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေ များသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၂၆)စုနှင့် ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု(၄၆)စု ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

